# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# jyewr;

အမှတ် ၁၈] ရန်ကုန်မြို့ { ၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် ( ၂၀၀၉ ခုနှစ်၊ မေလ ၁ ရက် ) } သောကြာနေ့ [ အတွဲ ၆၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၀၉**

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**

**ကြေညာချက်အမှတ် (၁၇၄၅)**

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

အကြောင်းအရာ ။ ။ **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ရခိုင်ပြည်နယ်ကော်မရှင် အဖွဲ့ခွဲ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ငါးဦးတို့အား နုတ်ထွက်ခွင့်ပြုခြင်းနှင့်လစ်လပ်သွားသည့်နေရာများတွင် အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ၂၀၀၅ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၁၆၄၁) နှင့် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်စွဲပါ ကြေညာချက်အမှတ် (၁၇၀၉) တို့ဖြင့် အစားထိုးတာဝန်ပေးအပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ငါးဦးတို့၏ လစ်လပ်နေရာများတွင် အောက်ပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်ပါသည် -

(၁) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ တွဲဖက်အတွင်းရေးမှူး ဦးကျော်သူရ (ဦးစီးအရာရှိ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးသက်ဦးဆွေ (ဦးစီးအရာရှိ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊

(၂) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစန်းလွင် (ပြည်နယ်တရားသူကြီး) အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးတင်အောင် (ပြည်နယ်တရားသူကြီး)၊

(၃) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးချစ်ကိုကို (ပြည်နယ်ဥပဒေအရာရှိ) အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးသိန်းလွင် (ပြည်နယ်ဥပဒေအရာရှိ)၊

(၄) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကြံရွှေ (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးမောင်မောင်ဝင်း (ညွှန်ကြားရေးမှူး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန)၊

(၅) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအေးကြိုင် (ပြည်နယ်ပညာရေးမှူး) အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးဝင်းဆွေ (ပြည်နယ်ပညာရေးမှူး)၊

(၆) နေရပ်ပြောင်းရွှေ့သွားသည့် ရခိုင်ပြည်နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသာနု [ခရိုင်အုပ်ချုပ်ရေးမှူး (အငြိမ်းစား) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန] အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးဘသိန်း [အထက်တန်းကျောင်းအုပ် (အငြိမ်းစား)]။

အမိန့်အရ

ဝင်းကို
အတွင်းရေးမှူး
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## တရားရုံးချုပ်

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

အမှတ် ၇၆ ။ ။ တရားရုံးချုပ် (နေပြည်တော်)၊ ထောက်ပံ့/ငွေစာရင်းဌာန၊ ရသုံးမှန်းခြေ ငွေစာရင်းဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းသွင်

(တ/၁၅၅၈) အား စစ်ကိုင်းတိုင်း၊ ကလေးခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး အဖြစ် ပြောင်းရွှေ့နေရာချထားလိုက်သည်။

အမှတ် ၇၇ ။ ။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်နန်းညိုရှင်းလင်း (တ/၂၇၃၂) အား မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီးအဖြစ် ပြောင်းရွှေ့နေရာချထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၀၉

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )

တရားရုံးချုပ်သည် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ နှင့်အညီ သံတောင်မြို့နယ် တရားရုံးမှ ပထမတန်း ရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးသန်းဌေးညွန့် (တ/၂၆၆၉) အား မြို့နယ်တရားသူကြီး တာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၀၉

တရားရုံးချုပ်သည် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ နှင့်အညီ နတ်တလင်းမြို့နယ် တရားရုံးမှ ပထမတန်း ရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးဝင်းတင့် (တ/၂၄၉၃) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

အမှတ် ၉၃ ။ ။ မန္တလေးတိုင်း တရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး ဒေါ်သင်းသင်းနွဲ့ (တ/၁၅၆၅) အား တရားရုံးချုပ် (ရန်ကုန်)၊ တရားမတရားစီရင်ရေးဌာန (တရားစီရင်ရေးတာဝန်)၊ တွဲဖက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့နေရာချထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၉၇/၂၀၀၉

တရားရုံးချုပ်သည် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်း ရာဇဝတ်အာဏာရ ဒုတိယမြို့နယ် တရားသူကြီးများအား ပထမတန်း ရာဇဝတ်အာဏာနှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာများကို အပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ရီရီလွင် တ/၂၇၉၁ | မြင်းမူ |
| ၂။ | ဦးကျော်ဝဏ္ဏ တ/၂၇၆၂ | ကျိုက်ထို |

အောင်တိုး၊
တရားသူကြီးချုပ်၊
တရားရုံးချုပ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

အမှတ် ၁ ။ ။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) မှ ဒုတိယပါမောက္ခချုပ် (လေ့ကျင့်သင်ကြားရေး) ဒေါ်မြင့်မြင့်မွန်အား ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်ခဲ့သည့်ကာလမှာ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြည့်ပြီးဖြစ်ပါသဖြင့် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ မြို့ပြဝန်ထမ်း စည်းမျဉ်းဥပဒေအပိုဒ် ၄၅၈ အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၂ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် ၅/၂၀၀၉ သဘောတူခွင့်ပြုချက်အရ အငြိမ်းစားဒုတိယပါမောက္ခချုပ် (လေ့ကျင့်သင်ကြားရေး) ဒေါ်မြင့်မြင့်မွန်အား ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် အကြံပေးအရာရှိအဖြစ် တစ်လလျှင် ချီးမြှင့်ငွေကျပ် ၈၁,၀၀၀/- (ကျပ် ရှစ်သောင်းတစ်ထောင်တိတိ) ဖြင့် တစ်နှစ်တာဝန်ပေး ခန့်ထားလိုက်သည်။

အမှတ် ၃ ။ ။ ဒေါ်မြင့်မြင့်မွန်အား အကြံပေးအရာရှိ၏ တာဝန်များအပြင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ၏ ဒုတိယပါမောက္ခချုပ် (လေ့ကျင့်သင်ကြားရေး) တာဝန်ကို ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမှတ် ၄ ။ ။ ဒေါ်မြင့်မြင့်မွန်အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်မပြုဘဲ ငြင်းပယ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် အကြံပေးအရာရှိအဖြစ် ဆက်လက်ခန့်ထားခြင်းကြောင့်လည်းကောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့စွဲပါ စာအမှတ်၊ ဘ-၂ (၁/၅၀) (၈၃) အရ ငြင်းပယ်ထားခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လအတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ခံစားခွင့်ပြုလိုက်သည်။

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၀၉ ခုနှစ်၊ မတ်လ ၁၉ ရက် )

အမှတ် ၅ ။ ။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်သည် ပြည်ပသို့ တာဝန်ဖြင့် ခရီးထွက်ခွာရန်ရှိပါသဖြင့် ယင်းထွက်ခွာသည့် ၂၀၀၉ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၀၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ ညနေပိုင်းထိ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သိန်းညွန့်အား မိမိ၏မူလတာဝန်ဝတ္တရားများအပြင် ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကိုပါ ခေတ္တပူးတွဲထမ်းဆောင်စေလိုက်သည်။

ကျော်သူ၊
ဥက္ကဋ္ဌ၊
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၉

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် )

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ဖွဲ့နုဆီစက်အမှတ် (၁၀) (၂၅ တန်ကျ) အား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပိုင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ဖွဲ့နုဆီစက် အမှတ် (၁၀) (၂၅ တန်ကျ) အား ပုဂ္ဂလိကလုပ်ငန်းရှင် ဦးကျော်ကျော်မောင်၊ ဦးမြင့်စိုး၊ ဦးဇော်ဇော်တို့သို့ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၀၈) ဖြင့် အပြီးအပြတ် လွှဲပြောင်းရောင်းချခဲ့ပါသည်။

၂။ ပုဂ္ဂလိကလုပ်ငန်းရှင် ဦးကျော်ကျော်မောင်၊ ဦးမြင့်စိုး၊ ဦးဇော်ဇော်တို့၏ တင်ပြချက်အရ အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၀၈) ပါ စာပိုဒ်အမှတ် (၁) ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

"၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျင်းပခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် (၃/၂၀၀၈) ၏ သဘောတူခွင့်ပြုချက်အရ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ဖွဲ့နုဆီစက်အမှတ် (၁၀) (၂၅ တန်ကျ) ကို ပုဂ္ဂလိကလုပ်ငန်းရှင် ဦးဇော်ဇော်သို့ ကျပ် (၂၀၁. ၀၆၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်"

## အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၉

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၄ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

**အမှတ် (၁) စီးကရက်စက်ရုံ (ရန်ကုန်) အား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၂/၂၀၀၈) ၏ သဘောတူအတည်ပြုချက်အရ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့စားသောက်ကုန် လုပ်ငန်းပိုင် အမှတ် (၁) စီးကရက်စက်ရုံ (ရန်ကုန်) ကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သို့ ကျပ် (၇၉၃၁. ၃၇၁) သန်းဖြင့် အပြီးအပြတ် ရောင်းချလိုက်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သည် အမှတ် (၁) စီးကရက်စက်ရုံ (ရန်ကုန်) အတွက် တန်ဖိုး၏ (၁၀) ရာခိုင်နှုန်းဖြစ်သော ကျပ် (၇၉၃. ၁၃၇၁) သန်းကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပေးသွင်းခဲ့ပြီးဖြစ်ပါသည်။ ထပ်မံ၍ (၂၅) ရာခိုင်နှုန်းကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ကော်မရှင်၏ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပေးသွင်းရန်ဖြစ်သည်။ ကျန်ရှိသော (၆၅) ရာခိုင်နှုန်းကို (၂၅) ရာခိုင်နှုန်း

ပေးသွင်းပြီးသည့်နေ့မှစ၍ ရက်ပေါင်း (၁၂၀) အတွင်း အကျေအလည်ပေးသွင်းရန်ဖြစ်သည်။

၃။ တန်ဖိုးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ငွေစာရင်းအမှတ်၊ MD-၀၀၀၈၅၁ သို့ ပေးသွင်းရန်ဖြစ်သည်။ ငွေသွင်းချလန်မူရင်းကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့လည်းကောင်း၊ ငွေသွင်းချလန်မိတ္တူကို အမှတ် (၁) စက်မှုဝန်ကြီးဌာနသို့လည်းကောင်း ပေးအပ်ရမည်။

၄။ ဝယ်ယူသူ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က တန်ဖိုး (၁၀၀) ရာခိုင်နှုန်း ပေးသွင်းပြီးသည့်အခါ ကော်မရှင်ရုံးက လွှဲပြောင်းပေးရေးအတွက် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းက အမှတ် (၁) စီးကရက်စက်ရုံ (ရန်ကုန်) ကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သို့ စနစ်တကျ လွှဲပြောင်းပေးရန်ဖြစ်သည်။

၅။ အမှတ် (၁) စီးကရက်စက်ရုံ (ရန်ကုန်) ကို ဝယ်ယူသူ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၆။ မြန်မာ့စားသောက်ကုန်လုပ်ငန်းသည် လွှဲပြောင်းရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၀၉

### ပဲခူးတိုင်း၊ အင်းတကော်စက်မှုနယ်မြေရှိ မော်တော်ယာဉ်သုံးပစ္စည်း ထုတ်လုပ်မှုစက်ရုံ၊ လက်တွန်းထွန်စက် အင်ဂျင်ထုတ်လုပ်မှုစက်ရုံနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံတို့အား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း

၁။ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၂/၂၀၀၈) ၏ သဘောတူအတည်ပြုချက်အရ အမှတ် (၂) စက်မှုဝန်ကြီးဌာန၊ မြန်မာ့မော်တော်ယာဉ်နှင့်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းပိုင် မော်တော်ယာဉ်သုံး ပစ္စည်းထုတ်လုပ်မှုစက်ရုံ၊ မြန်မာ့လယ်ယာသုံး ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းပိုင် လက်တွန်းထွန်စက်အင်ဂျင်ထုတ်လုပ်မှုစက်ရုံနှင့် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းပိုင် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သို့ ကျပ် (၇၈၄၆. ၃၇၈) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သည် ၎င်းစက်ရုံ (၃) ရုံအတွက် တန်ဖိုး၏ (၁၀) ရာခိုင်နှုန်းဖြစ်သော ကျပ် (၇၈၄. ၆၃၇၈) သန်းကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပေးသွင်းခဲ့ပြီးဖြစ်ပါသည်။ ထပ်မံ၍ (၂၅) ရာခိုင်နှုန်းကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ အမိန့်

ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပေးသွင်းရန်ဖြစ်သည်။ ကျန်ရှိသော (၆၅) ရာခိုင်နှုန်းကို (၂၅) ရာခိုင်နှုန်း ပေးသွင်းပြီးသည့်နေ့မှစ၍ ရက်ပေါင်း (၁၂၀) အတွင်း အကျေအလည်ပေးသွင်းရန်ဖြစ်သည်။

၃။ တန်ဖိုးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ငွေစာရင်းအမှတ်၊ MD-၀၀၀၈၅၁ သို့ ပေးသွင်းရန်ဖြစ်သည်။ ငွေသွင်းချလန်မူရင်းကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့လည်းကောင်း၊ ငွေသွင်းချလန်မိတ္တူကို အမှတ် (၂) စက်မှုဝန်ကြီးဌာနသို့လည်းကောင်း ပေးအပ်ရမည်။

၄။ ဝယ်ယူသူ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က တန်ဖိုး (၁၀၀) ရာခိုင်နှုန်း ပေးသွင်းပြီးသည့်အခါ ကော်မရှင်ရုံးက လွှဲပြောင်းပေးရေး အတွက် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း အမှတ် (၂) စက်မှုဝန်ကြီးဌာန၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်းပိုင် မော်တော်ယာဉ်သုံးပစ္စည်း ထုတ်လုပ်မှုစက်ရုံ၊ မြန်မာ့လယ်ယာသုံး ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းပိုင် လက်တွန်းထွန်စက်အင်ဂျင်ထုတ်လုပ်မှုစက်ရုံနှင့် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းပိုင် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သို့ စနစ်တကျ လွှဲပြောင်းပေးရန်ဖြစ်သည်။

၅။ အဆိုပါမော်တော်ယာဉ်သုံးပစ္စည်းထုတ်လုပ်မှုစက်ရုံ၊ လက်တွန်းထွန်စက် အင်ဂျင်ထုတ်လုပ်မှုစက်ရုံနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံတို့ကို ဝယ်ယူသူ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို ပဲခူးမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက် နေသော ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန် ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၆။ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ မြန်မာ့ လယ်ယာသုံးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတို့သည် လွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေး နှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၉

### ပဲခူးတိုင်း (အနောက်)၊ ရွှေတောင်မြို့ရှိ ဆန်စက်အမှတ် (၄၂၅) (တန် ၄၀ ကျ) (စက်နှင့်စက်ကိရိယာပစ္စည်းသာ) အား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း

၁။ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၀၈) ၏ သဘောတူအတည်ပြုချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပိုင် ပဲခူးတိုင်း (အနောက်)၊ ရွှေတောင်မြို့ရှိ ဆန်စက်အမှတ် (၄၂၅) (တန် ၄၀ ကျ) (စက်နှင့်

စက်ကိရိယာပစ္စည်းသာ) ကို ပုဂ္ဂလိကလုပ်ငန်းရှင် ဦးခင်မောင်ဝင်းသို့ ကျပ် (၂၀. ၀၀) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ဦးခင်မောင်ဝင်းသည် ပဲခူးတိုင်း (အနောက်)၊ ရွှေတောင်မြို့ရှိ ဆန်စက်အမှတ် (၄၂၅) (တန် ၄၀ ကျ) (စက်နှင့် စက်ကိရိယာပစ္စည်းသာ)အတွက် တန်ဖိုး၏ (၁၀) ရာခိုင်နှုန်းဖြစ်သော ကျပ် (၂. ၀၀) သန်းကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ပေးသွင်းခဲ့ပြီးဖြစ်ပါသည်။ ထပ်မံ၍ (၂၅) ရာခိုင်နှုန်းကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပေးသွင်းရန်ဖြစ်သည်။ ကျန်ရှိသော (၆၅) ရာခိုင်နှုန်းကို (၂၅) ရာခိုင်နှုန်း ပေးသွင်းပြီးသည့်နေ့မှစ၍ ရက်ပေါင်း (၁၂၀) အတွင်း အကျေအလည်ပေးသွင်းရန်ဖြစ်သည်။

၃။ တန်ဖိုးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ငွေစာရင်းအမှတ်၊ MD-၀၀၀၈၅၁ သို့ ပေးသွင်းရန်ဖြစ်သည်။ ငွေသွင်းချလန်မူရင်းကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့လည်းကောင်း၊ ငွေသွင်းချလန်မိတ္တူကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့လည်းကောင်း ပေးအပ်ရမည်။

၄။ ဝယ်ယူသူ ပုဂ္ဂလိကလုပ်ငန်းရှင်မှ တန်ဖိုး (၁၀၀) ရာခိုင်နှုန်း ပေးသွင်းပြီးသည့်အခါ ကော်မရှင်ရုံးက လွှဲပြောင်းပေးရေးအတွက် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးက ပဲခူးတိုင်း (အနောက်)၊ ရွှေတောင်မြို့ရှိ ဆန်စက်အမှတ် (၄၂၅) (တန် ၄၀ ကျ) (စက်နှင့် စက်ကိရိယာပစ္စည်းသာ)ကို ပုဂ္ဂလိကလုပ်ငန်းရှင် ဦးခင်မောင်ဝင်းသို့ စနစ်တကျ လွှဲပြောင်းပေးရန်ဖြစ်သည်။

၅။ ပဲခူးတိုင်း (အနောက်)၊ ရွှေတောင်မြို့ရှိ ဆန်စက်အမှတ် (၄၂၅) (တန် ၄၀ ကျ) (စက်နှင့် စက်ကိရိယာပစ္စည်းသာ) ကို ဝယ်ယူသူ ဦးခင်မောင်ဝင်း၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို ရွှေတောင်မြို့တွင် မြို့မြေစီမံခန့်ခွဲရေး ကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၆။ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးသည် လွှဲပြောင်းရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

အမိန့်အရ၊

ဗိုလ်မှူးကြီးသူရိန်ဇော်
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

အမှတ် ၈ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းသည် နိုင်ငံခြားသို့ သွားရောက်နေသည့် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ ဇန်နဝါရီလ ၁၂ ရက်နေ့အထိ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိန်အား မိမိအလုပ်ဝတ္တရားများအပြင် ညွှန်ကြားရေးမှူးချုပ်၏ သာမန်ဝတ္တရားများကိုပါ ယာယီပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၉ ။ ။ မြေတိုင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း နိုင်ငံခြားမှ ပြန်လည်ရောက်ရှိသည့်အခါ မိမိ၏မူလတာဝန်များဖြစ်သော ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၁၀ ။ ။ မြေတိုင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် တာဝန်ဝတ္တရားများကို မိမိ တာဝန်ဝတ္တရားများနှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင်သော ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိန်အား ညွှန်ကြားရေးမှူးချုပ် တာဝန်ဝတ္တရားများကို ပြန်လည်လွှဲပြောင်းပေးပြီးနောက် မိမိမူလတာဝန်ဝတ္တရားများဖြစ်သော ဒုတိယ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် )

အမှတ် ၁၁ ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၉) အရ ချီးမြှင့်သော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းတို့အား အောက်ဖော်ပြပါ **ဂုဏ်ထူးဆောင်တံဆိပ်** များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

(က) **လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယအဆင့်)**

(၁) ဦးစံညွှန့်၊ အထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

(ခ) **စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယအဆင့်)**

(၁၁) ဦးကျော်မျိုးဝင်း၊ ဒုတိယဦးစီးမှူး၊ စက်မှုလယ်ယာဦးစီးဌာန

(ဂ) **လူမှုထူးချွန်တံဆိပ် (ပထမအဆင့်)**

(၇) ဦးဇော်မင်းအောင်၊ စက်မှုကျွမ်းကျင်-၃၊ ဆည်မြောင်းဦးစီးဌာန

(ဃ) **လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်)**

(၈) ဦးဆန်းမြင့်၊ ပစ္စည်းထိန်း-၄၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း (စိုက်မွေး)

(၁၈) ဦးငွေလွင်၊ ဦးစီးမှူး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန

(၂၇) ဦးအောင်တိုး၊ အမှုတွဲထိန်း၊ ဆည်မြောင်းဦးစီးဌာန

(င) **လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်)**

(၃၉) ဦးခင်မောင်ဆွေ၊ ဆည်စောင့်၊ ဆည်မြောင်းဦးစီးဌာန

(၆၇) ဦးကျော်တိုး၊ လုပ်သား၊ ဆည်မြောင်းဦးစီးဌာန

(၈၃) ဦးကျော်ညွန့်၊ အကြီးတန်းလက်နှိပ်စက်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန

အမှတ် ၁၂ ။ ။ ဤအမိန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၄၅၃ (၇)/၄ (၉) - ၂/နယက အရ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

ဗိုလ်ချုပ်ဌေးဦး၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## အမှတ် (၁) စက်မှုဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် )

အမှတ် ၂၂ ။ ။ အမှတ် (၃၂၆) ခြေမြန်တပ်ရင်းမှ ကြည်း-၂၂၄၈၁ ဒုတိယဗိုလ်မှူးကြီး ခိုင်ထွန်းဆောင် (အငြိမ်းစား) အား မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ) ရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း ဒုတိယစက်ရုံမှူး (စီမံခန့်ခွဲရေး) ရာထူးတွင် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၎င်း၏ ကနဦးလစာငွေအား ၁၄၀,၀၀၀ အဖြစ် သတ်မှတ်လိုက်သည်။

အမှတ် ၂၃ ။ ။ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်မှ လေ-၁၈၂၃ ဒုတိယဗိုလ်မှူးကြီးအေးလွင် (အငြိမ်းစား) အား မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း) ရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း ဒုတိယစက်ရုံမှူး (စီမံကိန်း) ရာထူးတွင် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၎င်း၏ ကနဦးလစာငွေအား ၁၄၀,၀၀၀ အဖြစ် သတ်မှတ်လိုက်သည်။

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

အမှတ် ၂၄ ။ ။ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း) မှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ၎င်းတို့၏ အမည်နှင့်ယှဉ်တွဲပါ ရာထူး၊ ဌာနအသီးသီးတွင် အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **အတည်ပြုခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|---|
| (က) | ဦးမြင့်အေး | စက်ရုံမှူး (ကုန်ထုတ်)<br>၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀<br>စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း) |

| စဉ် | အမည် | အတည်ပြုခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (ခ) | ဦးလှမြင့် | ဒုတိယစက်ရုံမှူး (ကုန်ထုတ်) ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀ စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း) |

အောင်သောင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမှတ် (၁) စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၀၉)

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

အကြောင်းအရာ။ ။ **ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း (Black List) သတ်မှတ်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား နောက်ဆုံးအကြိမ် သတိပေးခြင်း။**

၁။ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးအတွက် လိုအပ်သော ကတ္တရာတန် (၁၀၀၀) ဝယ်ယူရေးနှင့်စပ်လျဉ်း၍ ပစ္စည်းတင်ပို့ရန် ပျက်ကွက်ပြီး စာချုပ်ပါစည်းကမ်းများကို ဖောက်ဖျက်ပျက်ကွက်ခဲ့သော အောက်ပါ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များအား အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ အမည်ပျက်စာရင်း (Black List) တွင် ထည့်သွင်းသတ်မှတ်လိုက်သည်။

**အမည်ပျက်စာရင်း (Black List) တွင် ထည့်သွင်းသည့်**
**ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များ**

၁။ (က) နိုင်ငံခြားကုမ္ပဏီအမည် - A. H Bitumen Trading DMCC
ကုမ္ပဏီလိပ်စာ - Sheikh Zayed Road, Emirates Tower, Level 41, P.O.Box 121034, Dubai, UAE.
နိုင်ငံခြားကုမ္ပဏီမှလူပုဂ္ဂိုလ် (Executive Director) - Mr. ALi Hajebnejad

(ခ) မြန်မာကုမ္ပဏီအမည် - မန္တန် စက်ယန္တရားနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် Mantra Machinery & Trading Co., Ltd.
ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - ၆၈၄/၂၀၀၀-၂၀၀၁ (၁၁-၈-၂၀၀၀)
သက်တမ်းကုန်ဆုံးရက် - (၃၀-၉-၂၀၁၀)
လုပ်ငန်းအမျိုးအစား - ရောင်းဝယ်ရေးလုပ်ငန်း
လိပ်စာ - အမှတ် (၁၇)၊ ပန်းခြံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) မြန်မာကုမ္ပဏီနှင့် ဆက်စပ်သော ကုမ္ပဏီ
ကုမ္ပဏီအမည် - ကျော်တက် ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက် Kyaw Tet Construction Co.,Ltd.

ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ- ၈၀၄/၂၀၀၅-၂၀၀၆ (၂၈-၇-၂၀၀၅)

| | |
|---|---|
| သက်တမ်းကုန်ဆုံးရက် | - (၂၇-၇-၂၀၀၇) (သက်တမ်းတိုးထားခြင်းမရှိပါ) |
| လုပ်ငန်းအမျိုးအစား | - ဆောက်လုပ်ရေးလုပ်ငန်း |
| လိပ်စာ | - တိုက် (၅)၊ အခန်း (၄)၊ ၈-မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

(ဃ) လူပုဂ္ဂိုလ်

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | လိပ်စာ |
|---|---|---|
| (၁) | ဦးမင်းလွင် ၉/မခန (နိုင်) ၁၃၄၆၀၄ | အမှတ် (၅၀/က)၊ အောင်သပြေလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

**နောက်ဆုံးအကြိမ်သတိပေးသည့် ဒါရိုက်တာအဖွဲ့ဝင်များ အမည်စာရင်း**

၂။ မြန်မာကုမ္ပဏီ၏ ကျန်ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသော အောက်ဖော်ပြပါ (၄) ဦးတို့အား နောင်အခါ ယင်းဖြစ်စဉ်မျိုး ထပ်မံပေါ်ပေါက်ပါက ကုမ္ပဏီဖွဲ့စည်းလုပ်ကိုင်ခွင့် ပြုမည်မဟုတ်ကြောင်းကို နောက်ဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်သတိပေးလိုက်သည်။

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | လိပ်စာ |
|---|---|---|
| (၁) | ဦးဝေဇင်ဦး ၁၂/မဂဒ (နိုင်) ၀၅၂၅၅၅ | အမှတ် (၂၀၈)၊ ကာယသုခလမ်း၊ (၂/က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| (၂) | ဒေါ်ညွန့်ရင် ၁၂/ဥကတ (နိုင်) ၁၃၃၆၇၁ | အမှတ် (၁၈)၊ ဒုတိယထပ်၊ မြောင်းကြီးလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| (၃) | ဦးချမ်းငြိမ်း ၃/ဘအန (နိုင်) ၀၄၅၉၅၂ | မြိုင်ကလေးကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| (၄) | ဦးငွေလွင် ၁၂/မဂဒ (နိုင်) ၀၃၆၇၈၆ | အမှတ် (၅/က)၊ အောင်မင်္ဂလာလမ်း၊ (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

ဝန်ကြီး (ကိုယ်စား)၊
(ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဒုတိယဝန်ကြီး)၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၀၉)

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၀၉) ၏ သဘောတူညီချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသ

နှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပေးအရာရှိ ဒေါက်တာထွန်းလွင်အား (၁) လလျှင် ချီးမြှင့်ငွေ ၁၅၀,၀၀၀/- (ကျပ် တစ်သိန်းငါးသောင်းတိတိ) ဖြင့် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှစ၍ အကြံပေးအရာရှိအဖြစ် ဒုတိယအကြိမ် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၀၉)

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရာထူးခန့်ချုပ်ရုံးမှ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၀၉ ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သော အောက်ဖော်ပြပါ အရာရှိ (၅) ဦးအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည် -

| စဉ် | ကိုယ်ပိုင်အမှတ် | အမည်/ရာထူး | ခန့်အပ်သည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| ၁။ | ရေ ၁၃၁၃ | ဒုတိယဗိုလ်မှူးကြီးကြည်ဦး | ရေကြောင်းပြမှူးကြီး ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် |
| ၂။ | ရေ ၁၃၁၆ | ဒုတိယဗိုလ်မှူးကြီးတင်မောင်လွင် | ရေကြောင်းပြမှူးကြီး ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် |
| ၃။ | ရေ ၁၃၁၈ | ဒုတိယဗိုလ်မှူးကြီးနေဝင်း | ရေကြောင်းပြမှူးကြီး ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် |
| ၄။ | ရေ ၁၃၅၅ | ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်အောင် | ရေကြောင်းပြမှူးကြီး ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် |
| ၅။ | ရေ ၃၄၄၂ | ဗိုလ်မှူး နေဦး | ရေကြောင်းပြမှူးကြီး ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် |

ဗိုလ်ချုပ်သိန်းဆွေ၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## သမဝါယမဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၀၉)

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၅ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

သမဝါယမဝန်ကြီးဌာန၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းသည် သက်ပြည့်အငြိမ်းစားယူရန် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားလျက်

ရှိသဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ အလုပ်တာဝန်ဝတ္တရားများကို ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်အား ပူးတွဲတာဝန် ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၀၉)

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သမဝါယမဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၄/၂၀၀၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သမဝါယမဝန်ကြီးဌာန၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမှ အောက်ဖော်ပြပါ မန်နေဂျာ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) (၂) ဦးတို့အား လစ်လပ်လျက်ရှိသော လက်ထောက်အထွေထွေ မန်နေဂျာ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာသို့ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် |
|---|---|
| ၁။ | ဦးရဲဦး |
| ၂။ | ဦးရဲထိုက် |

ဗိုလ်ချုပ်တင်ထွတ်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
သမဝါယမဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

အမှတ် ၃၇ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဘားအံပညာရေးကောလိပ် ဒုတိယကျောင်းအုပ်ကြီး (ရုံးချုပ်တွဲဖက်) ဦးစိန်မြင့်အား အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူး (ပြည်ပသင်တန်း) ရာထူးအား နောက်ခံပြု၍ ဒုတိယညွှန်ကြားရေးမှူး (ဖွံ့ဖြိုး) အဖြစ် ရာထူးတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၃၈ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ သင်္ဃန်းကျွန်းပညာရေးကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဒေါ်ချိုချိုဦးအား ပြည်မြို့ ပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီးအဖြစ် ရာထူးတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

အမှတ် ၃၉ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးသော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ ဆုံးဖြတ်ချက်အရ မြိတ်တက္ကသိုလ်၊ ရူပဗေဒဌာန၊ ပါမောက္ခ (ဌာနမှူး) လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဒေါက်တာသန်းဝင်းအား ပဲခူးဒီဂရီကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီးအဖြစ် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာချမ်းငြိမ်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

အမှတ် ၂၀ ။ ။ ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၂/၂၀၀၉) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သူနာပြုဦးစီးအရာရှိများအား အမည်နှင့်ယှဉ်တွဲပါ ရာထူး၊ ဌာနများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| ၁။ | ဒေါ်ခင်စန်းဝင်း<br>သူနာပြုဦးစီးအရာရှိ<br>ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန<br>စစ်တွေမြို့ | သူနာပြုဦးစီးအရာရှိ<br>မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာန<br>မော်လမြိုင်မြို့ |
| ၂။ | ဒေါ်သောင်းကြည်<br>သူနာပြုဦးစီးအရာရှိ<br>ဧရာဝတီတိုင်းကျန်းမာရေးဦးစီးဌာန | သူနာပြုဦးစီးအရာရှိ<br>ပဲခူးတိုင်း (အရှေ့) ကျန်းမာရေးဦးစီးဌာန၊ ပဲခူးမြို့ |

**မှတ်ချက်** ။ ။ ပြောင်းရွှေ့တာဝန်ချထားသည့် သူနာပြုဦးစီးအရာရှိများသည် ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်နှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲမှ ပြောင်းရွှေ့အမိန့်ထွက်ပြီး သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

အမှတ် ၂၁ ။ ။ ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၂/၂၀၀၉) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သူနာပြုအုပ်များအား အမည်နှင့်ယှဉ်တွဲဖော်ပြပါဌာနများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်သန်းသန်းအေး<br>သူနာပြုအုပ်<br>အလုပ်သမားဆေးရုံကြီး<br>မန္တလေးမြို့ | သူနာပြုအုပ်<br>အထွေထွေရောဂါကုဆေးရုံကြီး<br>မော်လမြိုင်၊ မွန်ပြည်နယ် |
| ၂။ | ဒေါ်နော်မြစိန်<br>သူနာပြုအုပ်<br>အထွေထွေရောဂါကုဆေးရုံကြီး<br>လွိုင်လင်မြို့၊ ရှမ်း (တောင်) | သူနာပြုအုပ်<br>ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး |
| ၃။ | ဒေါ်ဝင်းကြည်ရွှေ<br>သူနာပြုအုပ်<br>ခုတင် (၂၀၀) ဆံ့သင်ကြားရေး<br>ဆေးရုံကြီး၊ မကွေးမြို့ | သူနာပြုအုပ်<br>အထူးကုဆေးရုံကြီး (ဝေဘာဂီ)<br>မြောက်ဥက္ကလာပမြို့နယ် |
| ၄။ | ဒေါ်အေးကြိုင်<br>သူနာပြုအုပ်<br>တီဘီရောဂါအထူးကုဆေးရုံကြီး<br>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း | သူနာပြုအုပ်<br>မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း<br>အထူးကုဆေးရုံကြီး<br>မန္တလေးမြို့ |
| ၅။ | ဒေါ်အမာစိန်<br>သူနာပြုအုပ်<br>အထွေထွေရောဂါကုဆေးရုံကြီး<br>စစ်တွေမြို့၊ ရခိုင်ပြည်နယ် | သူနာပြုအုပ်<br>အထွေထွေရောဂါကုဆေးရုံကြီး<br>စစ်ကိုင်းမြို့ |
| ၆။ | ဒေါ်သောင်းရွှေ<br>သူနာပြုအုပ်<br>လွိုင်ကော်ပြည်သူ့ဆေးရုံကြီး<br>ကယားပြည်နယ် | သူနာပြုအုပ်<br>မန္တလေးအလုပ်သမားဆေးရုံကြီး |

**မှတ်ချက်** ။ ။ ပြောင်းရွှေ့တာဝန်ချထားသည့် သူနာပြုအုပ်များသည် ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်နှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲမှ ပြောင်းရွှေ့အမိန့်ထွက်ပြီး သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၉)

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) တွင် အကြံပေးအရာရှိအဖြစ် ခန့်ထားသည့် ညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါက်တာဦးသန်းထွန်းစိန်အား တာဝန်ထမ်းဆောင်သည့် တစ်နှစ်တာကာလ ပြည့်မြောက်ပြီးသော ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့နံနက်ပိုင်းမှ စတင်၍ အကြံပေးအရာရှိအဖြစ်မှ အနားယူခွင့်ပြုလိုက်သည်။

ဒေါက်တာကျော်မြင့်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# jyewr;

**အမှတ် ၁၉]** ရန်ကုန်မြို့ { ၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက် ( ၂၀၀၉ ခုနှစ်၊ မေလ ၈ ရက် ) } **သောကြာနေ့ [ အတွဲ ၆၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**

**ကြေညာချက်အမှတ် (၁၇၄၆)**

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၀၉ ခုနှစ်၊ မတ်လ ၅ ရက် )

အကြောင်းအရာ ။ ။ **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးတို့အား နုတ်ထွက်ခွင့်ပြုခြင်းနှင့်လစ်လပ်သွားသည့်နေရာများတွင် အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်စွဲပါ ကြေညာချက်အမှတ် (၁၆၈၅) နှင့် ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ ကြေညာချက်အမှတ် (၁၇၂၅) တို့ဖြင့် အစားထိုးတာဝန်ပေးအပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးတို့၏ လစ်လပ်နေရာများတွင် အောက်ပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်ပါသည် -

(၁) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ဝင်းဦး [တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး၊ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန] အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးမောင်မောင်အောင် [တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး၊ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန]၊

(၂) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်မောင် (တိုင်းတရားသူကြီး) အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးကြည်သိန်း (တိုင်းတရားသူကြီး)၊

(၃) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာသန်းဝင်း (တိုင်းကျန်းမာရေးဦးစီးဌာနမှူး) အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဒေါက်တာထင်ကျော်ဦး (တိုင်းကျန်းမာရေးဦးစီးဌာနမှူး)။

အမိန့်အရ

ဝင်းကို

အတွင်းရေးမှူး

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

အမှတ် ၁၂။ ။ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/ပြည်နယ်ဥပဒေအရာရှိ (တာဝန်)/ ဒု-ပြည်နယ်ဥပဒေအရာရှိ /ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးသို့ ပြောင်းရွှေ့နေရာချထားလိုက်သည် -

| **စဉ်** | **အမည်/ ကိုယ်ပိုင်အမှတ်** | **လက်ရှိရာထူး/ရုံး** | **ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်ရာထူး/ရုံး** |
|---|---|---|---|
| ၁။ | ဦးညွန့်စိန် ဥ/၁၂၁၆ | ခရိုင်ဥပဒေအရာရှိ စစ်တွေခရိုင်ဥပဒေရုံး | ခရိုင်ဥပဒေအရာရှိ ပြည်ခရိုင်ဥပဒေရုံး |
| ၂။ | ဦးစံရွှေမောင် ဥ/၁၆၂၁ | ဒု-ပြည်နယ်ဥပဒေအရာရှိ ရခိုင်ပြည်နယ်ဥပဒေရုံး | ခရိုင်ဥပဒေအရာရှိ စစ်တွေခရိုင်ဥပဒေရုံး |
| ၃။ | ဦးဖေခင် ဥ/၁၄၆၀ | ဒုတိယညွှန်ကြားရေးမှူး ဌာန-၁၊ ဌာနခွဲ (၂) ရှေ့နေချုပ်ရုံး၊ နေပြည်တော် | ခရိုင်ဥပဒေအရာရှိ နေပြည်တော်ခရိုင် ဥပဒေရုံး |
| ၄။ | ဦးညီညီငြိမ်း ဥ/၁၄၄၈ | ဒုတိယညွှန်ကြားရေးမှူး ဌာန-၁၊ ဌာနခွဲ (၃) ရှေ့နေချုပ်ရုံး၊ နေပြည်တော် | ခရိုင်ဥပဒေအရာရှိ မြောင်းမြခရိုင်ဥပဒေရုံး |
| ၅။ | ဒေါ်ရီရီခင် ဥ/၁၄၁၃ | ဒုတိယညွှန်ကြားရေးမှူး ဌာန-၃၊ ဌာနခွဲ (၈) ရှေ့နေချုပ်ရုံး၊ နေပြည်တော် | ခရိုင်ဥပဒေအရာရှိ မုံရွာခရိုင်ဥပဒေရုံး |
| ၆။ | ဦးသိန်းမော် ဥ/၁၇၅၆ | ပြည်နယ်ဥပဒေအရာရှိ(တာဝန်) ချင်းပြည်နယ်ဥပဒေရုံး | ခရိုင်ဥပဒေအရာရှိ ကလေးခရိုင်ဥပဒေရုံး |

အေးမောင်၊

ရှေ့နေချုပ်၊

ရှေ့နေချုပ်ရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၀၉**

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၄ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

**ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ဆန်စက်အမှတ် (၀၄) (၇၅ တန်ကျ) အား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၂/၂၀၀၈) ၏သဘောတူအတည်ပြုချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ဆန်စက်အမှတ် (၀၄) (၇၅ တန်ကျ) ကို ပုဂ္ဂလိကလုပ်ငန်းရှင် ဦးတေဇသို့ ကျပ် (၄၁၂၇. ၈၀၈) သန်းဖြင့် အပြီးအပြတ်ရောင်းချလိုက်သည်။

၂။ ဦးတေဇသည် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ဆန်စက်အမှတ် (၀၄) (၇၅ တန်ကျ) အတွက် တန်ဖိုး၏ (၁၀) ရာခိုင်နှုန်းဖြစ်သော ကျပ် (၄၁၂. ၇၈၀၈) သန်းကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပေးသွင်းခဲ့ပြီးဖြစ်ပါသည်။ ထပ်မံ၍ (၂၅) ရာခိုင်နှုန်းကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပေးသွင်းရန်ဖြစ်သည်။ ကျန်ရှိသော (၆၅) ရာခိုင်နှုန်းကို (၂၅) ရာခိုင်နှုန်း ပေးသွင်းပြီးသည့်နေ့မှစ၍ ရက်ပေါင်း (၁၂၀) အတွင်း အကျေအလည်ပေးသွင်းရန်ဖြစ်သည်။

၃။ တန်ဖိုးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ငွေစာရင်းအမှတ်၊ MD-၀၀၀၈၅၁ သို့ ပေးသွင်းရန်ဖြစ်သည်။ ငွေသွင်းချလန်မူရင်းကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့လည်းကောင်း၊ ငွေသွင်းချလန်မိတ္တူကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့လည်းကောင်း ပေးအပ်ရမည်။

